

## လူမျိုးရေး

အမျိုးဆိုရာမှာ ဘယ်လိုအမျိုးကိုတည်ရမလဲ၊ ဗမာ၊ ကရင်၊ ချင်းနှင့် အခြားအမျိုးများလည်း ရှိသေးတယ်။ တခြားနိုင်ငံများကို ကြည့်လိုက်လျှင် ဗမာပြည်မှာလိုတိုင်းရင်းသားလူမျိုး အများရှိတာကိုတွေ့နိုင်ပါတယ်။ တရုတ်ပြည်၊ ဂျပန်ပြည်နှင့်ရုရှားပြည်တို့မှာလည်းသည်အတိုင်းပဲ၊ အမေရိကန်ပြည်မှာ အင်္ဂလိပ်စကားကိုပြောကြသော်လည်း၊ အင်္ဂလိပ်၊ အီတလီစတဲ့ လူအမျိုးမျိုးတို့စုပေါင်းပြီး လူမျိုးတစ်မျိုးဖြစ်အောင်ထူထောင်ပြီး သူတို့ကိုယ်ကို အမေရိကန် လို့ဆိုကြတာပဲ။ ဒါကြောင့်လူမျိုးရေးအားဖြင့်ကြည့်လျှင် တစ်မျိုးတည်းကို လိပ်ခဲတည်းလည်းစွဲပြီးယူဆိုလို့မဖြစ်ဘူး။

လူမျိုးရေးတရားဟောလည်း၊ ငါ့လူမျိုးမှငါ့လူမျိုး၊ တခြားလူမျိုးတွေဟာ ငါ့လောက်မမြတ်၊ ငါ့လူမျိုးသာ ကမ္ဘာမှာကြီးစိုးရမယ်ဆိုတဲ့ ကျဉ်းမြောင်းသေးသိမ်တဲ့ လူမျိုးရေးတရားမဟုတ်ဘဲ၊ ကိုယ့်လူမျိုး ကိုယ်ချစ်ခင်သော်လည်း၊ တခြားလူမျိုးများကိုမုန်းတီးခြင်း၊ အထင်သေးခြင်းမဖြစ်ဘဲ၊ ကမ္ဘာမှာ တိုင်းပြည်အချင်းချင်းသင့်မြတ်စွာ တစ်ဦးအကျိုးတစ်ဦးဖြစ်ပွားစေအောင်ဆောင်ရွက်တဲ့ လူမျိုးရေးတရားမျိုးဖြစ်ရမယ်။

ဗမာဖြစ်ချင်လျှင်၊ ဗမာလိုလုပ်ပါ။ ဗမာလိုလုပ်လျှင်၊ ဗမာလိုခံစားရတယ်။

**ဗိုလ်ချုပ်အောင်ဆန်း**